# လျှောက်လွှာ လျှောက်ထားပုံ အဆင့်ဆင့်

## ကိုယ်စားလှယ်ရုံးမှတဆင့်လျှောက်ထားခြင်း

သက်ဆိုင်ရာ မြို့နယ်ဒေသတွင်ရှိသော ကိုယ်စားလှယ်ရုံး (အေးဂျင့်)သို့ တိုက်ရိုက်မေးမြန်းစုံစမ်းပါရန်။

※သက်ဆိုင်ရာကိုယ်စားလှယ်ရုံးများကြည့်ရန်။

http://www.abk.ac.jp/myanmar/

## ကျောင်းသို့ တိုက်ရိုက် လျှောက်ထားခြင်း



(၁) အောက်ဖော်ပြပါ ဤကျောင်း၏ Homepage မှ တစ်ဆင့် အွန်လိုင်းလျှောက်လွှာတင်ပါ။

http://www.abk.ac.jp/english/application/apply-now/



ဖြည့်ထားသည့်အကြောင်း အရာများကို ကျောင်းမှ စစ်ဆေးပြီးနောက် ကျောင်းလျှောက်လွှာပုံစံ (Excel) ကို အီးမေးလ်ဖြင့် ပေးပို့မည်။



(၂) လျှောက်လွှာပုံစံတွင် လိုအပ်သည်များကို ဖြည့်စွက်ပြီး အီးမေးဖြင့် ပြန်ပို့ပေးပါရန်။

ဤကျောင်းမှ အချက်အလက်များကို စစ်ဆေးပြီး ရလဒ်များကို အီးမေးလ်ဖြင့် အကြောင်းကြားပါမည်။



(၃) ၎င်းကို ပရင့် ထုတ်ပြီး လက်မှတ်ထိုးရန်နေရာတွင် လက်မှတ်ရေးထိုးပါရန်။




(၄) လိုအပ်သည့်စာရွက်စာတမ်းအားလုံးကိုစာတိုက်မှ ပို့ပေးပါရန်။

※လျှောက်လွှာတင်ရမည့်အချိန်ကာလအတွင်း အရောက်ပို့ပေးပါရန်။



စာရွက်စာတမ်းများ လက်ခံရရှိလျှင် ကျောင်းမှ (လက်ခံရရှိကြောင်း အတည်ပြု အီးမေးလ်) ပေးပို့ပါမည်။ စာရွက်စာတမ်းများကိုပေးပို့ပြီး ရက်သတ္တနှစ်ပတ်ကြာ သော်လည်း (လက်ခံရရှိကြောင်း အတည်ပြု အီးမေးလ်) ရောက်မလာပါက ဆက်သွယ်အကြောင်းကြားပါရန်။

※လျှောက်လွှာတင်ရာတွင် မရှင်းလင်းသည့်အချက်များ၊ မေးမြန်းလိုသည့် အချက်များရှိပါက အချိန်မရွေး စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှောက်လွှာတင်သည့်အချိန်မှ ဂျပန်နိုင်ငံသို့ရောက်သည်အထိ

| ဧပြီဝင်ခွင့် | ဇူလိုင်ဝင်ခွင့် | ၁၀ လပိုင်း ဝင်ခွင့် | ဇန်နဝါရီ ဝင်ခွင့် | ဤကျောင်း | လျှောက်ထားသူ |
|---|---|---|---|---|---|
| ၉ လ မှ ၁၀ လပိုင်း | ၁၂ လ မှ ၂ လပိုင်း | ၃ လ မှ ၄ လပိုင်း | ၆ လမှ ၈ လပိုင်း | လျှောက်လွှာလက်ခံခြင်း လက်ခံရရှိကြောင်း အတည်ပြု အီးမေးလ် ပေးပို့ခြင်း | လျှောက်လွှာတင်ခြင်း။ ကျောင်းဝင်ကြေး ပေးရမည့် ငွေပမာဏ အတည်ပြုခြင်း။ |
| ၁၀ မှ ၁၁ လပိုင်း | ၂ လ | ၄ လ မှ ၅ လပိုင်း | ၈ လ မှ ၉ လပိုင်း | ကျောင်းဝင်ခွင့်စိစစ်ရွေးချယ်ခြင်း | |
| ၁၁ လကုန်ပိုင်း | ၃ လဆန်းပိုင်း | ၆ လဆန်းပိုင်း | ၉ လပိုင်းအတွင်း | နေထိုင်ခွင့်ဗီဇာလျှောက်ထားခြင်း | ကျောင်းဝင်ကြေး ပေးသွင်းခြင်း။ အဆောင်နေထိုင်ခွင့်လျှောက်ထားခြင်း။ (ဆန္ဒရှိသူများသာဖြစ်ရန်။) |
| ၁၂ လ | ၃ လ | ၆ လ | ၉ လ | ကျောင်းဝင်ခွင့်ပြုရလဒ်အကြောင်းကြားခြင်း | |
| ၂ လပိုင်းကုန် | ၅ လ လကုန်ပိုင်း | ၈ လ လကုန်ပိုင်း | ၁၁လပိုင်းအတွင်း | (ဂျပန်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ) ကျောင်းတက်ရန်နေထိုင်ခွင့် (ပြည်ဝင်ခွင့်) ဗီဇာထုတ်ပေးခြင်း | |
| ၃ လ | ၆ လ | ၉ လ | ၁၂ လ | နေထိုင်ခွင့်ဗီဇာရရှိကြောင်းအကြောင်းကြားခြင်း<br>နေထိုင်ခွင့်ဗီဇာ၊ ကျောင်းဝင်ခွင့်ပြုစာပေးပို့ခြင်း | ကျောင်းလခပေးသွင်းခြင်း။ ဂျပန်စာစာမေးပွဲဖြေဆိုရန် ကိုယ်စား တင်ပေးရန် လျှောက်ထားခြင်း။ (ဆန္ဒရှိသူများသာဖြစ်ရန်။)<br>နိုင်ငံကူးလက်မှတ် ၊ ဗီဇာရယူရန်။ |
| ၄ လပိုင်း အစ | ၆ လ လကုန်ပိုင်း | ၉ လ လကုန်ပိုင်း | ၁၂ လ လကုန်ပိုင်း | | ဂျပန်နိုင်ငံသို့ရောက်ရှိခြင်း။ |
| ၄ လ လဆန်းပိုင်း | ၆ လပိုင်းကုန် | ၉ လပိုင်းကုန် | ၁ လ လဆန်းပိုင်း | သင်တန်းအကြောင်းရှင်းလင်းခြင်း၊ အတန်းခွဲရန်စာမေးပွဲစစ်ဆေးခြင်း။ | |

学校法人ABK学館
ABK学館日本語学校
A B K   C O L L E G E

〒113-0021　東京都文京区本駒込2-12-12
TEL：(81-3)6912-0756　FAX：(81-3)6912-0757
E-mail：info@abk.ac.jp　URL：www.abk.ac.jp

振込先：みずほ銀行 本郷支店
普通預金口座 075-2908788
口座名義：学校法人ABK学館

銀行住所
東京都文京区本郷3-34-3
TEL：(81-3)3812-3261

ABK
COLLEGE

# လျှောက်လွှာတင်ရာတွင် လိုအပ်သောအချက်အလက်များ

## လျှောက်လွှာတင်ခြင်း

### အရည်အချင်း သတ်မှတ်ချက်

●လျှောက်ထားသူသည် ဂျပန်နိုင်ငံ မဟုတ်သည့် တိုင်းပြည်တွင် ပညာသင်နှစ် ၁၂ နှစ် တက်ရောက်အောင်မြင်ပြီးသူ၊ သို့မဟုတ် ပြီးရန်အလားအလာရှိသူဖြစ်ရမည်။
●တက္ကသိုလ် သို့မဟုတ် အသက်မွေးဝမ်းကျောင်းသို့ တက်ရောက်ပညာဆက်လက်သင်ကြားလိုသူသည် ဝင်ရောက်မည့် နှစ်တွင် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။
●ဘွဲ့လွန်ပညာ ဆက်လက်သင်ကြားလိုသူသည် ဝင်ရောက်မည့် နှစ်တွင် အသက် ၂၂နှစ် ပြည့်ပြီးသူဖြစ်ရမည်။
●ဇူလိုင် ဝင်ခွင့်အတန်း （၁ နှစ်နှင့် ၉ လ သင်တန်း）နှင့် ဇန်နဝါရီ ဝင်ခွင့်အတန်း（၁ နှစ်နှင့် ၃ လ သင်တန်း）အား တက်ရောက်မည့် သူများသည် လျှောက်လွှာတင်ချိန်တွင် ဂျပန်စာ N5 ကို အောင်မြင်ထားပြီးသူ ဖြစ်ရမည်။

### လျှောက်လွှာလက်ခံကာလ

●ဧပြီလ ဝင်ခွင့်အတန်း (၁ နှစ် သင်တန်း၊ ၂ နှစ် သင်တန်း) ကျောင်းဝင်နှစ် မတိုင်ခင် ရှေ့နှစ်၏ ၉ လပိုင်း ၁ ရက် မှ ၁၀ လပိုင်း ၃၁ ရက်
●ဇူလိုင်လ ဝင်ခွင့်အတန်း （၁ နှစ်နှင့် ၉ လ သင်တန်း） ကျောင်းဝင်နှစ် မတိုင်ခင် ရှေ့နှစ်၏ ၁၂ လပိုင်း ၁၀ ရက် မှ ၂ လပိုင်း ၁၀ ရက်
●အောက်တိုဘာလ ဝင်ခွင့်အတန်း （၁ နှစ်နှင့် ၆ လ သင်တန်း） ကျောင်းဝင်နှစ် မတိုင်ခင် ရှေ့နှစ်၏ ၃ လပိုင်း ၁ ရက် မှ ၄ လပိုင်း ၂၈ ရက်
●ဇန်နဝါရီလ ဝင်ခွင့်အတန်း (၁ နှစ်နှင့် ၃ လ သင်တန်း) ကျောင်းဝင်နှစ် မတိုင်ခင် ရှေ့နှစ်၏ ၆ လပိုင်း ၁၀ ရက် မှ ၈ လပိုင်း ၁၀ ရက်

※လျှောက်ထားသူဦးရေများပါက သတ်မှတ်ထားသည့် အချိန်ထက် စောလျှင်စွာလျှောက်လွှာလက်ခံခြင်းကို ပိတ်ပါမည်။

※ဇန်နဝါရီလ ဝင်ခွင့်အတန်းသည် သတ်မှတ်ထားသည့် ကျောင်းသားဦးရေ ရရှိပါက လျှောက်လွှာလက်ခံမည် မဟုတ်ပါ။

### ကျောင်းလျှောက်လွှာတင်ရာတွင်လိုအပ်သောစာရွက်စာတမ်းများ

စာမျက်နှာ ၂ နှင့် ၃တွင် ပါရှိသော လျှောက်ထားသူနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ နေထိုင်စရိတ်၊ ကျောင်းလခစသည့်တို့ကို အကုန်ကျခံနိုင်မည့် အထောက်အထားများကို လျှောက်လွှာ လက်ခံသည့် အချိန်ကာလအတွင်း တင်ပြရပါမည်။ ကျောင်းလျှောက်လွှာပုံစံများကို သက်ဆိုင်ရာနိုင်ငံမြို့နယ်များရှိကိုယ်စားလှယ်ရုံးများတွင်ရယူခြင်း သို့မဟုတ် ကျောင်း၏ Homepage တွင် အွန်လိုင်းမှတဆင့် လျှောက်ထားနိုင်ပါသည်။ အွန်လိုင်း မှလျှောက်ထားသူများကို ဤသင်တန်းကျောင်းမှ အီးမေးလ်ဖြင့် ကျောင်းလျှောက်လွှာပုံစံများကို ပို့ပေးပါမည်။ ဂျပန်ဘာသာနှင့်အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားမထားသည့် စာရွက်စာတမ်းများကို ဂျပန်ဘာသာပြန်ဆို၍ ပူးတွဲတင်ပေးရပါမည်။ Excel သုံးရန် အဆင်မပြေပါက ကျောင်းသို့ ဆက်သွယ်ပါရန်။

### လျှောက်လွှာတင်ပုံ အဆင့်ဆင့်

စာမျက်နှာ ၄ ကို ကိုးကားရန်။

### ကျောင်းဝင်ခွင့်စီစစ် စစ်ဆေးခ

ယန်း ၂၀၀၀၀
လျှောက်လွှာတင်သည့်အချိန်တွင် ဘဏ်မှငွေလွှဲသွင်းခြင်း သို့မဟုတ် အကြွေးဝယ်ကဒ် ဖြင့်ပေးချေရပါမည်။ ငွေပေးခြင်းနှင့် ပတ်သက်၍ ကျောင်း၏ Homepage http://www.abk.ac.jp/english/course-fees/ ကို ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။ လျှောက်လွှာတင်ရမည့်ကာလအတွင်း ငွေပေးချေခြင်း မရှိပါက ကျောင်းဝင်ခွင့် လျှောက်ထားခြင်းကို ရုတ်သိမ်းလိုက်သည်ဟုမှတ်ယူပါမည်။ ငွေလွှဲပို့ရာတွင်ကျသင့်သည့် ဝန်ဆောင်ခကို ငွေလွှဲသူမှကျခံရပါမည်။

### လျှောက်လွှာတင်ရာတွင်သတိပြုရမည့်အချက်

ကျောင်းဝင်ခွင့်လျှောက်လွှာစာရွက်စာတမ်းများကို လက်ခံရရှိသည့်အခါ လက်ခံနံပါတ်ကို ထုတ်ပေးမည်ဖြစ်ပါသဖြင့် နောက်ပိုင်းကျောင်းသို့ ဆက်သွယ်ရာတွင် မလွဲမသွေ လက်ခံနံပါတ်နှင့် အမည်ကိုပြောကြား၍ ဆောင်ရွက်ပါရန်။

ABK COLLEGE

# ကျောင်းဝင်ခွင့်ရွေးချယ်ခြင်း

## ရွေးချယ်နည်း

တင်ပြလာသော စာရွက်စာတမ်းများကို စစ်ဆေးရွေးချယ်ခြင်း။ လိုအပ်ပါက နှုတ်ဖြေစစ်ဆေးခြင်းပြုလုပ်မည်။

## ကျောင်းဝင်ခွင့်ရရှိကြောင်းအကြောင်းကြားခြင်း

● ဧပြီလ ဝင်ခွင့်အတန်း
ကျောင်းဝင်မည့်နှစ် မတိုင်မီ ရှေ့နှစ် ၁၂ လပိုင်း လဆန်းပိုင်းတွင် အီးမေးလ်ဖြင့် အကြောင်းကြားမည်။

● အောက်တိုဘာလ ဝင်ခွင့်အတန်း
ကျောင်းဝင်မည့်နှစ် ၆ လပိုင်း လလယ်တွင် အီးမေးလ်ဖြင့် အကြောင်းကြားမည်။

● ဇူလိုင်လ ဝင်ခွင့်အတန်း
ကျောင်းဝင်မည့်နှစ် ၃ လပိုင်း လလယ်တွင် အီးမေးလ်ဖြင့် အကြောင်းကြားမည်။

● ဇန်နဝါရီလ ဝင်ခွင့်အတန်း
ကျောင်းဝင်မည့်နှစ် မတိုင်မီ ရှေ့နှစ် ၉ လပိုင်း လကုန်ပိုင်းတွင် အီးမေးလ်ဖြင့် အကြောင်းကြားမည်။

## ကျောင်းဝင်ကြေး

ယန်း ၈၀,၀၀၀

ကျောင်းဝင်ခွင့် ရရှိသူသည် ဘဏ်မှငွေလွှဲသွင်းခြင်း သို့မဟုတ် အကြွေးဝယ်ကဒ် ဖြင့် ငွေပေးချေရပါမည်။ ငွေပေးခြင်းနှင့် ပတ်သက်၍ ကျောင်း၏ Homepage http://www.abk.ac.jp/english/course-fees/ ကို ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။ ငွေလွှဲပို့ရာတွင်ကျသင့်သည့် ဝန်ဆောင်ခကို ငွေလွှဲသူမှကျခံရပါမည်။ သက်မှတ်ရက် အတွင်းကျောင်းဝင်ကြေးမပေးသွင်းခြင်း ငွေမရောက်ရှိပါက အလိုအလျောက် ရုတ်သိမ်းလိုက်သည်ဟု ယူဆပြီး ဂျပန်လူဝင်မှုကြီးကြပ်ရေးရုံး သို့ ကျောင်းတက်ရောက်နေထိုင်ခွင့် လျှောက်ထားခြင်းကို ပြန်လည်ရုတ်သိမ်းမည် ဖြစ်သည်။ ပေးသွင်းထားပြီးသော ကျောင်းဝင်ကြေးကို နေထိုင်ခွင့် ဗီဇာ မရရှိသည့်အခါမှလွဲ၍ ပြန်လည်အမ်းမည်မဟုတ်ပါ။

## ကျောင်းတက်ရောက်နေထိုင်ခွင့်ပြုချက် လက်မှတ်လျှောက်ထားခြင်း။

ဤကျောင်း၏ ကျောင်းဝင်ခွင့်ရရှိထားသူများကိုသာ တိုကျိုလူဝင်မှုကြီးကြပ်ရေးရုံးသို့ ဂျပန်နိုင်ငံတွင် လာရောက် ကျောင်းတက်နေထိုင်ခွင့်ကို လျှောက်ထားပေးမည်ဖြစ်သည်။
ကျောင်းတက်ရောက်နေထိုင်ခွင့်ပြုချက်လက်မှတ်နှင့်အတူ ဤကျောင်းမှကျောင်းတက်ခွင့်ရ လက်မှတ်ဖြင့် ပညာသင် ဗီဇာကိုလျှောက်ရမည်ဖြစ်သည်။

# ကျောင်းလခ

## ပထမ အကြိမ် ကျောင်းလခ

● ဧပြီဝင်ခွင့် နှင့်အောက်တိုဘာ ဝင်ခွင့်အတန်း・・ယန်း ၃၁၀,၀၀၀ (နှစ်ဝက်စာ)

● ဇူလိုင်လ ဝင်ခွင့်အတန်း နှင့် ဇန်နဝါရီလ ဝင်ခွင့်အတန်း・・ယန်း ၄၆၅,၀၀၀ (၉ လစာ)

ကျောင်းလခတွင် သင်ကြားရေးအထောက်အကူပြုပစ္စည်း၊ ကျောင်းအဆောက်အဦးဆိုင်ရာ အသုံးပြုခ၊ ကျောင်းပြင်ပလှုပ်ရှားဆောင်ရွက်မှုစရိတ်နှင့် အာမခံကြေး (ဂျပန်စာ သင်ယူသူ ကျောင်းသူကျောင်းသားများ အတွက် သဘာဝဘေးအန္တရာယ် အာမခံလျော်ကြေးစနစ်) များ ပါဝင်သည်။ ပထမအကြိမ် ကျောင်းလခအဖြစ် အထက်ဖော်ပြပါ ငွေကြေးပမာဏကို ပေးသွင်းရမည် ဖြစ်၍၊ ထို့နောက်တွင် နှစ်ဝက်စာ ယန်း ၃၁၀,၀၀၀ စီ ခွဲ၍ ပေးသွင်းနိုင်ပါသည်။ ကျောင်းတက်ရောက် နေထိုင်ခွင့်ရရှိကြောင်း အကြောင်းကြားစာရရှိသူသည် သတ်မှတ်ထားသည့် ဘဏ်တွင် နောက်ဆုံးသက်မှတ်ရက် အတွင်း ငွေပေးသွင်းရ မည်ဖြစ်သည်။ ငွေပေးခြင်းနှင့် ပတ်သက်၍ ကျောင်း၏ Homepage http://www.abk.ac.jp/english/course-fees/ ကို ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပါသည်။ ငွေလွှဲခဝန်ဆောင်မှုအတွက် ကုန်ကျငွေ ကို ငွေလွှဲသူမှ ကျခံရပါမည်။ သက်မှတ်ရက်အထိ ကျောင်းလခ လွှဲသွင်းခြင်း မရှိပါက အလိုအလျောက် ဖျက်သိမ်းလိုက် သည်ဟု ယူဆပြီး ကျောင်းတက်ရောက်နေထိုင်ခွင့်ကို ပြန်လည်ရုတ်သိမ်းမည်ဖြစ်သည်။ ကျောင်းလခ ပြန်အမ်းငွေ ထုတ်ယူခြင်းနှင့် ပတ်သက်၍ စာမျက်နှာ ၃ ကို ကိုးကားရန်။

# လျှောက်လွှာတင်ရာတွင်လိုအပ်သောစာရွက်စာတမ်းများ

* အမှတ်အသားပါ စာရွက်စာတမ်း ပုံစံများကို သက်ဆိုင်ရာဒေသတွင်ရှိသော ကိုယ်စားလှယ်ရုံးများတွင် ရယူပါရန်။သို့မဟုတ် ဤကျောင်း၏ Homepage စာမျက်နှာတွင် အွန်လိုင်းမှ လျှောက်ထားရန်။

## လျှောက်ထားသူနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ (၁–၉လျှောက်ထားသူအားလုံးတင်ရန်)

၁ **ကျောင်းလျှောက်လွှာပုံစံ***

၂ **ကျောင်းတက်ရောက်လိုသည့်အကြောင်းအရင်း ***
မိခင်ဘာသာ (သို့) အင်္ဂလိပ်ဘာသာဖြင့်ရေးရန်။

၃ **ပညာသင်သွားရန် (ကျောင်းသွားတက်ရန်) သဘောတူညီချက် ***

၄ **စစ်တမ်း ကောက်ခံသည့် မေးခွန်း ***

၅ **အထက်တန်းကျောင်းအောင်လက်မှတ် သို့မဟုတ် တက္ကသိုလ် ဘွဲ့လက်မှတ်**
မိတ္တူမရပါ။ ကျောင်းမပြီးသေးပါက ပညာ သင်ကြားဆဲ ထောက်ခံစာကို တင်ပြပြီး ကျောင်းပြီး သည်နှင့် ကျောင်းပြီးကြောင်းထောက်ခံစာကို အလျင်အမြန်ပေးပို့ရန်။ နောက်ဆုံး ပညာသင်ကြား ခဲ့သည့်ကျောင်းမှ ထွက်ခဲ့ပါက ပညာသင်ကြားခဲ့သည့် ထောက်ခံစာ သို့မဟုတ် ကျောင်းထွက် ထောက်ခံစာကိုတင်ပြရန်။

၆ **အထက်တန်းကျောင်းအမှတ်စာရင်း သို့မဟုတ် တက္ကသိုလ် အတန်းအသီးသီးမှ အမှတ်စာရင်း**
မိတ္တူမရပါ။ အထက်တန်းကျောင်း (၁၀တန်း) အစိုးရစစ်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူသည် အမှတ်စာရင်း မိတ္တူကိုတင်ပြရန်။

၇ **နိုင်ငံကူးလက်မှတ် မိတ္တူ**
နိုင်ငံကူးလက်မှတ်ရရှိပြီးသူဖြစ်ပါက တင်ပြရန် ယခင်က ဂျပန်နိုင်ငံသို့ လာရောက်ဖူးသူသည် နိုင်ငံအဝင် အထွက် တံဆိပ်တုံးရိုက်နှိပ်ထားသည့် စာမျက်နှာပါ မိတ္တူ တင်ပြရန်။

၈ **ဓါတ်ပုံ ၆ ပုံ**
၃ လအတွင်း ရိုက်ကူးထားသည့် 4cm x 3 cm အရွယ်ရှိ ရှေ့ကိုယ်တစ်ပိုင်းဓါတ်ပုံ။
နောက်ကျောတွင် အမည်နှင့် နိုင်ငံအမည်ကို ရေးထားရန်။

၉ **ဆေးစစ်ထားသည့်ထောက်ခံစာ ***
ကျောင်းမှပေးပို့သောပုံစံစာရွက်တွင် ဆရာဝန်မှရေးဖြည့်ပြီး လက်မှတ်ထိုးထားသည့်ဆေးစာဖြစ်ရမည်။

※အကြုံးဝင်သူများသာ အောက်ပါအချက်များကို တင်ပြရန်။

၁၀ **ဂျပန်နိုင်ငံတွင်နေထိုင်စဉ်က တက်ရောက်ခဲ့သည့်ကျောင်းမှ ထုတ်ပေးသည့် ကျောင်းခေါ်ချိန်နှင့်အမှတ်စာရင်း။** (ဂျပန်နိုင်ငံတွင် ကျောင်းတက်ရောက်ဖူးသူများသာ)

၁၁ **ဂျပန်နိုင်ငံတွင်နေထိုင်သော မိသားစုဆွေမျိုး၏ နေထိုင်ခွင့်ကဒ် (နိုင်ငံခြားသား မှတ်ပုံတင်ကဒ် မိတ္တူ (ရှေ့နောက် နှစ်မျက်နှာစလုံး) သို့မဟုတ် အိမ်ထောင်စုစာရင်း။**
(ဂျပန်နိုင်ငံတွင် မိသားစု ဆွေမျိုးရှိသူများသာ)

## နေထိုင်စရိတ်နှင့်ကျောင်းလခကို တာဝန်ယူထောက်ပံ့ပေးမည့်သူမှတင်ပြရမည့်စာရွက်စာတမ်းများ ( အောက်ပါ (က)၊ (ခ)၊ (ဂ) ထဲမှ အကြုံးဝင်သည့် တစ်ခု)

### (က) ဂျပန်နိုင်ငံပြင်ပတွင်နေထိုင်သော မိသားစုဆွေမျိုးမှ နေထိုင်စားသောက်စရိတ်၊ ကျောင်းလခကို ထောက်ပံ့သည့်အခါ။

၁ **ကုန်ကျစရိတ်တာဝန်ယူထောက်ပံ့ပေးကြောင်း စာရွက် ***
ထောက်ပံပေးမည့်သူ ကိုယ်တိုင်က ဖြည့်စွက်သည့် နေ့စွဲ နှင့် လက်မှတ်ကို ရေးဖြည့်ရမည်။
ကျောင်းသားအား လစဉ် ထောက်ပံ့ပေးပို့မည့် ပျမ်းမျှ ငွေပမာဏကို
နေထိုင်စားသောက်စရိတ်နေရာတွင် ရေးဖြည့်ရန်။

၂ **ကုန်ကျစရိတ် တာဝန်ယူထောက်ပံ့ပေးမည့်သူ၏ ဘဏ် လက်ကျန်ငွေစာရင်း ထောက်ခံလွှာ။**
လက်ကျန်ငွေပမာဏနှင့် နေ့စွဲ ထင်ရှားစွာ ဖော်ပြထားပြီး၊ ဘဏ်မှ ငွေစာရင်း
တာဝန်ခံ၏တံဆိပ်တုံး လက်မှတ်ပါရှိရမည်။
ကုမ္ပဏီ၏ ဘဏ်စာရင်း ထောက်ခံစာသည် အကြုံးမဝင်ပါ။

၃ **တာဝန်ယူထောက်ပံ့ပေးသူ၏အလုပ်ထောက်ခံစာ။ (အောက်ဖော်ပြပါ (၁) သို့မဟုတ် (၂) )**
(၁) ကုမ္ပဏီဝန်ထမ်းဖြစ်ပါက အလုပ်မှထုတ်ပေးသည့် ထောက်ခံစာ။
(၂) ကုမ္ပဏီစီမံခန့်ခွဲသူ သို့ ပုဂ္ဂလိကလုပ်ငန်းရှင်ဖြစ်ပါက
တာဝန်ယူထောက်ပံ့သူ၏အမည်နှင့်ကုမ္ပဏီအမည် ပါဝင်သော ကုမ္ပဏီမှတ်ပုံတင်၊လုပ်ငန်းခွင့်ပြုမိန့်စသည့် အထောက်အထား။

၄ **တာဝန်ယူထောက်ပံ့ပေးသူနှင့် လျှောက်ထားသူတို့ တော်စပ်ပုံ အထောက်အထား။**
အိမ်ထောင်စုစာရင်း၊ မွေးစာရင်းအထောက်အထား စသည့် တာဝန်ယူ ထောက်ပံ့ပေးသူနှင့်
လျှောက်ထားသူတော်စပ်ပုံ သက်သေ အထောက် အထား။

၅ **တာဝန်ယူထောက်ပံ့ပေးသူ၏ တစ်နှစ်ဝင်ငွေစာရင်း အထောက်အထား။**
တာဝန်ယူထောက်ပံ့ပေးသူ၏ တစ်နှစ်ဝင်ငွေ ဖေါ်ပြထားသည့် အခွန်ဆောင် အထောက်အထား
(သို့မဟုတ်) ကုမ္ပဏီမှ ထုတ်ပေးသည့် အထောက်အထား (တာဝန်ယူသူ၏ တစ်နှစ်ဝင်ငွေ
စာရင်းဖော်ပြပါရှိသော စာရွက်စာတမ်း) ။

### (ခ) ဂျပန်ပြည်တွင်းနေထိုင်သော မိသားစုဆွေမျိုးမှ နေထိုင်စရိတ်၊ ကျောင်းလခကို ထောက်ပံ့ပေးသည့်အခါ။

၁ **ကုန်ကျစရိတ်တာဝန်ယူထောက်ပံ့ပေးကြောင်း စာရွက် ***
ထောက်ပံပေးမည့်သူ ကိုယ်တိုင်က ဖြည့်စွက်သည့် နေ့စွဲ နှင့် လက်မှတ်ကို ရေးဖြည့်ရမည်။
ကျောင်းသားအား လစဉ် ထောက်ပံ့ပေးပို့မည့် ပျမ်းမျှ ငွေပမာဏကို နေထိုင်စားသောက်စရိတ်နေရာတွင်
ရေးဖြည့်ရန်။

၂ **ထောက်ပံ့ပေးမည့်သူ၏ ဘဏ်လက်ကျန် ငွေစာရင်း**

၃ **အိမ်ထောင်စုစာရင်း**
အိမ်သားအားလုံးဖေါ်ပြထားသည့် အိမ်ထောင်စုစာရင်း။

၄ **တာဝန်ယူထောက်ပံ့ပေးသူနှင့် လျှောက်ထားသူတို့ တော်စပ်ပုံ**
အိမ်ထောင်စုစာရင်း၊ မွေးစာရင်းအထောက်အထား စသည့် တာဝန်ယူ ထောက်ပံ့ပေးသူနှင့်
လျှောက်ထားသူတော်စပ်ပုံ သက်သေ အထောက် အထား။

၅ **တာဝန်ယူထောက်ပံ့ပေးသူ၏အလုပ်ထောက်ခံစာ။ (အောက်ပါ (၁) သို့ (၂) သို့ (၃) )**
(၁) ကုမ္ပဏီဝန်ထမ်းဖြစ်ပါက အလုပ်မှထုတ်ပေးသည့် ထောက်ခံစာ။
(၂) ကုမ္ပဏီ၏စီမံခန့်ခွဲသူ ဖြစ်ပါက ကုမ္ပဏီ မှတ်ပုံတင်၊ လက်ရှိ အလုပ် လုပ်ကိုင်နေကြောင်း ထောက်ခံစာ။
(၃) ပုဂ္ဂလိက လုပ်ငန်းရှင် ဖြစ်ပါက အခွန်ရုံးမှ အခွန်လက်ခံရရှိပြီး တံဆိပ် ပါသည့် အတည်ပြုစာ မိတ္တူ ( ပြန်ပေးပါမည် ) နှင့် မိမိ ကိုယ်တိုင် ရေးထားသည့် အလုပ်လုပ်ကိုင်နေကြောင်း ထောက်ခံစာ။

၆ **တာဝန်ယူထောက်ပံ့ပေးသူ၏ တစ်နှစ်ဝင်ငွေ စာရင်း အထောက် အထား။**
သက်ဆိုင်ရာ မြို့နယ်၊ မြို့၊ ရွာ ရုံးမှ ထုတ်ပေးသော အခွန်ဆောင် ထောက်ခံစာ (တစ်နှစ်စာ ဝင်ငွေ
ဖေါ်ပြထားသည် စာရွက်စာတမ်း) ။

### (ဂ) လျှောက်ထားသူ ကိုယ်တိုင်မှ စရိတ် အကုန်ကျခံသည့်အခါ။

၁ **ကုန်ကျစရိတ်တာဝန်ယူထောက်ပံ့ပေးကြောင်း စာရွက် ***
လျှောက်ထားသူကိုယ်တိုင်မှ ပုံစံအားလုံး ရေးဖြည့်ရမည်။ ကျောင်းလခ ဖြည့်စွက်ရမည့် နေရာတွင် ယန်း
၃၁၀ , ၀၀၀ ။ နေထိုင်စားသောက် စရိတ် နေရာတွင် ပြင်ဆင်ထားသည့် လစဉ်ပျမ်းမျှ ငွေပမာဏကို
ရေးဖြည့်ရန်။

၂ **လျှောက်ထားသူ၏ ဘဏ်လက်ကျန် ငွေစာရင်း**
လက်ကျန်ငွေပမာဏနှင့် နေ့စွဲ ထင်ရှားစွာ ဖော်ပြထားပြီး၊ ဘဏ်မှ ငွေစာရင်း တာဝန်ခံ၏တံဆိပ်တုံး
လက်မှတ်ပါရှိရမည်။

၃ **လျှောက်ထားသူ၏ အလုပ်ထောက်ခံစာ**

၄ **လျှောက်ထားသူ၏ တစ်နှစ်ဝင်ငွေ အထောက်အထား**
လျှောက်ထားသူ၏ တစ်နှစ်စာ ဝင်ငွေ ဖေါ်ပြထားသည့် အခွန်ဆောင် အထောက်အထား သို့မဟုတ်
ကုမ္ပဏီမှ ထုတ်ပေးသည့် အထောက် အထား (လျှောက်ထားသူ၏တစ်နှစ်စာဝင်ငွေ ဖေါ်ပြထားသည့်
စာရွက်စာတမ်း) ။

## အခြားသတိပြုရမည့် အချက်များ

**အကျိုးသက်ရောက်မှုမရှိသည့် စာရွက်စာတမ်းများ ။** ။ကျောင်းဝင်ခွင့်လျှောက်လွှာကို တိုကျိုလူဝင်မှုကြီးကြပ်ရေးဌာနကိုလည်း တင်ပြရသဖြင့် အောက်ပါကဲ့သို့သော စာရွက်စာတမ်းများမှာ အကြုံးမဝင်ပါ။
လျှောက်လွှာစာရွက် ထုတ်ပေးသည့်နေ့ (သို့မဟုတ်) ရေးသားဖြည့်သွင်းသည့်နေ့သည် လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်ပြသည့်နေ့ မတိုင်မီ ၆ လကျော်က စာရွက် (ဂျပန်ပြည်တွင်းမှ ထုတ်ပေးသည့် လျှောက်လွှာစာရွက်ဖြစ်ပါက ၃ လကျော် မတိုင်မီကစာရွက်) ။ လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်ပြသည့် အချိန်များမှာ ဧပြီဝင်ခွင့်တန်းအတွက် ၁၁ လကုန်ပိုင်း၊ ဇူလိုင်ဝင်ခွင့်တန်းအတွက် ၃ လဆန်းပိုင်း၊ အောက်တိုဘာလ ဝင်ခွင့်တန်းအတွက် ၆ လဆန်းပိုင်း၊ ဇန်နဝါရီလ ဝင်ခွင့်တန်းအတွက် ၉ လလယ်ပိုင်းတို့ ဖြစ်သည်။ စာလုံးများကိုမင်ဖျက်ဖြင့် ဖျက်ထားသည့် စာရွက်များအကြုံးမဝင်ပါ။

**နေထိုင်ခွင့် ခွင့်ပြုချက် မကျသည့်အခါ ။** ။ တိုကျိုလူဝင်မှုကြီးကြပ်ရေးဌာနမှ စစ်ဆေးဆုံးဖြတ်ချက်အရ နေထိုင်ခွင့် ခွင့်ပြုချက် မကျပါက တက်ရောက် လိုသည့်ကာလတွင် ဂျပန်နိုင်ငံသို့ မလာရောက်နိုင်ပါ။ "နေထိုင်ခွင့် ခွင့်ပြုချက် မရရှိသည့် အကြောင်းကြားစာ"ကို လက်ခံရရှိပါက နောက်တစ်ကြိမ် ထပ်မံ၍ ကျောင်းလျှောက်ရန် ဆန္ဒရှိ မရှိ (ကျောင်းလျှောက်လွှာကြေး နှင့် ကျောင်းဝင်ကြေး ထပ်မံပေးသွင်းရန် လို မလို ) ကို ဆက်သွယ် မေးမြန်း အကြောင်းကြားရန်။ ထပ်မံ၍ ကျောင်းလျှောက်ရန် ဆန္ဒ မရှိပါက ကျောင်းဝင်ကြေးအား ပြန်အမ်းပေးမည် ဖြစ်ပါသဖြင့် ဘဏ်ငွေစာရင်းနံပါတ် စသည်တို့ကို ကျောင်းမှ သတ်မှတ်ထား သော ပုံစံစာရွက်တွင် ရေးဖြည့်ပြီး ကျောင်းသို့ ပေးပို့ရမည်။

## ကျောင်းလခ ပြန်အမ်းခြင်းနှင့် ပတ်သက်၍

လက်ခံရရှိပြီးသော ကျောင်းလခကို ပြန်အမ်းမည် မဟုတ်ပါ။ သို့သော် အောက်ဖော်ပြပါ အချက်တခုခုနှင့် ကိုက်ညီသူက တင်ပြလာပါက ပြန်အမ်းပေးပါမည်။
(၁) နေထိုင်ခွင့်ဗီဇာမရသည့်သူက တင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ ဖြစ်သည့် (ကျောင်းဝင်ခွင့်ရ လက်မှတ်၊ ပြန်အမ်းပေးရန် ငွေတောင်းခံလွှာ၊ နိုင်ငံကူးလက်မှတ် မိတ္တူ ) စသည့်တို့ကို ဤကျောင်းသို့ တင်ပြသူ။ (၂) သင်တန်းဖွင့်ပွဲ မတိုင်မီ ကျောင်းတက်ရန် ငြင်းပယ်သူဖြစ်ပြီး ဂျပန်နိုင်ငံသို့ ရောက်မလာပဲ ငွေပြန်အမ်းရန်အတွက် တင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ ဖြစ်သည့် (နေထိုင်ခွင့် ခွင့်ပြုချက် လက်မှတ်၊ သို့မဟုတ် ဗီဇာကို အကြုံးမဝင် တော့ ကြောင်း ပြုလုပ်ပြီး သော နိုင်ငံကူးလက်မှတ် မိတ္တူ၊ ကျောင်းဝင်ခွင့်ရ လက်မှတ်၊ ကျောင်းတက်ရန် ငြင်းပယ်ရသည့် အကြောင်းအရင်းကို ရေးသားထားသည့် စာရွက်၊ ပြန်အမ်းပေးရန် ငွေတောင်းခံလွှာ ) စသည်တို့ကို ဤကျောင်းသို့တင်ပြရန်။